# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၁)ရက်

## (၂၀၂၇) ပညာသင်နှစ်
## ဆေးပညာပါရဂူဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၇ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**(က) ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ပါရဂူဘွဲ့ (ခန္ဓာဗေဒ) | Ph.D (Anatomy) | ၃-နှစ် |
| (၂) | ပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ) | Ph.D (Physiology) | ၃-နှစ် |
| (၃) | ပါရဂူဘွဲ့ (ဇီဝဓာတုဗေဒ) | Ph.D (Biochemistry) | ၃-နှစ် |
| (၄) | ပါရဂူဘွဲ့ (ဆေးဝါးဗေဒ) | Ph.D (Pharmacology) | ၃-နှစ် |
| (၅) | ပါရဂူဘွဲ့ (အဏုဇီဝဗေဒ) | Ph.D (Medical Microbiology) | ၃-နှစ် |

**(ခ) ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ) | Dr.Med.Sc (General Medicine) | ၃-နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ) | Dr.Med.Sc (General Surgery) | ၃-နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ) | Dr.Med.Sc (Obstetrics & Gynaecology) | ၃-နှစ် |

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ) | Dr.Med.Sc (Paediatrics) | ၃-နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ) | Dr.Med.Sc (Orthopaedics) | ၃-နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ) | Dr.Med.Sc (Cardiology) | ၃-နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ) | Dr.Med.Sc (Respiratory Medicine) | ၃-နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ) | Dr.Med.Sc (Thoracic Surgery) | ၃-နှစ် |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောဆေးပညာ) | Dr.Med.Sc (Neurology) | ၃-နှစ် |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | Dr.Med.Sc (Neurosurgery) | ၃-နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ) | Dr.Med.Sc (Nephrology) | ၃-နှစ် |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) | Dr.Med.Sc (Urology) | ၃-နှစ် |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) | Dr.Med.Sc (Gastroenterology) | ၃-နှစ် |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ) | Dr.Med.Sc (Hepatology) | ၃-နှစ် |

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) | Dr.Med.Sc (Clinical Haematology) | ၃-နှစ် |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ) | Dr.Med.Sc (Gynaecological Oncology) | ၃-နှစ် |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ) | Dr.Med.Sc (Reproductive Health) | ၃-နှစ် |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မေ့ဆေးပညာ) | Dr.Med.Sc (Anaesthesiology) | ၃-နှစ် |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတ်မှန်ပညာ) | Dr.Med.Sc (Radiology) | ၃-နှစ် |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ) | Dr.Med.Sc (Ophthalmology) | ၃-နှစ် |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ) | Dr.Med.Sc (Otorhinolaryngology Head & Neck Surgery) (ORLHNS) | ၃-နှစ် |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) | Dr.Med.Sc (Medical Jurisprudence) | ၃-နှစ် |
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) | Dr.Med.Sc (Endocrinology) | ၃-နှစ် |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးအကြောအဆစ်ဆေးပညာ) | Dr.Med.Sc (Rheumatology) | ၃-နှစ် |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | Dr.Med.Sc (Rehabilitation Medicine) | ၃-နှစ် |

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာ၊ မေးရိုးခွဲစိတ်ကုပညာ) | Dr.Med.Sc (Oral and Maxillofacial Surgery) | ၃-နှစ် |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) | Dr.Med.Sc (Plastic Surgery) | ၃-နှစ် |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) | Dr.Med.Sc (Hand Surgery) | ၃-နှစ် |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောရိုးခွဲစိတ်ကုပညာ) | Dr.Med.Sc (Spine Surgery) | ၃-နှစ် |
| (၃၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုပညာ) | Dr.Med.Sc (Hepatobiliary and Pancreatic Surgery) | ၃-နှစ် |
| (၃၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ) | Dr.Med.Sc (Mental Health) | ၃-နှစ် |
| (၃၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ) | Dr.Med.Sc (Haematopathology) | ၃-နှစ် |
| (၃၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ) | Dr.Med.Sc (Histopathology) | ၃-နှစ် |
| (၃၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတုရောဂါဗေဒ) | Dr.Med.Sc (Chemical Pathology) | ၃-နှစ် |
| (၃၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) | Dr.Med.Sc (Paediatric Haemato-Oncology) | ၃-နှစ် |
| (၃၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာ) | Dr.Med.Sc (Geriatric Medicine) | ၃-နှစ် |
| (၃၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မွေးကင်းစကလေးဆေးပညာ) | Dr.Med.Sc (Neonatology) | ၃-နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူ(သို့မဟုတ်) မြန်မာနိုင်ငံ ဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ်၌ မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(ဃ) ပြည်ပမှ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက ပါရဂူဘွဲ့ **(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ အသားမျှင်ရောဂါဗေဒ၊ ဓာတုရောဂါဗေဒ၊ သွေးရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ)** သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့် နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၃)နှစ် ရှိရမည်။ ကျန်ပါရဂူဘွဲ့ သင်တန်းများ အတွက် လုပ်ငန်းစတင်ဝင်ရောက်သည့် နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ် ရှိရမည်။

(င) ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(အရိုးရောဂါပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(အရိုးရောဂါပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာ၊ မေးရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဍ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဎ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ၊ ဓာတုရောဂါဗေဒ၊ သွေးရောဂါဗေဒ) သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဏ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(တ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ထ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်။**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့်ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့် မွေးသက္ကရာဇ် (အသက်ထောက်ခံစာတင်ပြရန်)

(င) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)

(စ) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်၊ ထုတ်ယူခဲ့သည့်ရက်စွဲ---------။

(ဆ) ပညာအရည်အချင်း

(ဇ) တက်ရောက်လိုသည့်သင်တန်းနှင့်ဘာသာရပ် (တိကျစွာဖော်ပြရန်)

(ဈ) အမှုထမ်းသက် မှတ်တမ်းအပြည့်အစုံ

(ည) ယခင်ပြည်တွင်းဘွဲ့လွန်သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရဖူးခြင်း ရှိ/မရှိဖော်ပြရန်။

(ဋ) ပြည်တွင်းဘွဲ့လွန်သင်တန်းတစ်ခုခု တက်ရောက်ခဲ့ဖူးပါက တက်ရောက်ခဲ့သည့် ရက်/လ/ ခုနှစ်၊ သင်တန်း၊ ဘာသာရပ်နှင့် ဘွဲ့ရရှိခြင်း ရှိ/မရှိ ဖော်ပြရန်။

(ဌ) ပြည်တွင်း/ ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲဖြေဆိုထားခြင်း ရှိ/မရှိဖော်ပြရန်။

**၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**

(က) လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူများ၊

(ဂ) ဆေးပညာသင်တန်းနှင့် မဟာသိပ္ပံသင်တန်းအမှတ်စာရင်း (Grading Certificate) မိတ္တူများ၊

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ) (လွန်ခဲ့သော ၆ လအတွင်း ရိုက်ကူးထားသည့်ပုံ)

(င) အသက်ထောက်ခံစာ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(စ) ဆရာဝန်မှတ်ပုံတင်(ဆမ)မိတ္တူ၊
(ခြွင်းချက် (ဆမ)မိတ္တူတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်ဖြစ်သည်။)

(ဆ) ဆေးတက္ကသိုလ်- မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ ဘွဲ့လွန်ဆေးပညာသင်တန်း ဝင်ခွင့်စာမေးပွဲကြေးကျပ်- ၁၀၀၀ဝ/- (ကျပ်တစ်ထောင်တိတိ) ကို ပေးသွင်းထားသည့် **ချလံမူရင်း (၁)စောင်**

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်-မန္တလေး၏ ငွေစာရင်းအမှတ် MD- ၀၁၀၀၆၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်း စဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို **ငွေသွင်းချလံမူရင်း**နှင့်တကွ ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ဆေးတက္ကသိုလ်-မန္တလေးသို့ **(၃၁-၈-၂၀၂၆)ရက် (တနင်္လာနေ့)** နောက်ဆုံးထား၍ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျ၍ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **(၂၂-၁၀-၂၀၂၆)ရက် (ကြာသပတေးနေ့)** မှစ၍ ဆေးတက္ကသိုလ်- မန္တလေး၊ ကျောင်းသားရေးရာဌာန၌ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို **(၂၉-၁၀-၂၀၂၆)ရက် (ကြာသပတေးနေ့)** တွင် စာစစ်ဌာနဖြစ်သည့် ဆေးတက္ကသိုလ်-မန္တလေး၌ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

| **စဉ်** | **သင်တန်း** | **ဘာသာရပ်** | **စစ်ဆေးမည့်အချိန်** | **မေးခွန်းပုံစံ** |
|---|---|---|---|---|
| (၁) | Ph.D | ကျွမ်းကျင်ဘာသာရပ် | မွန်းလွဲ (၁:၀၀) နာရီမှ (၄:၀၀) နာရီအထိ | Essay Type |
| (၂) | Dr.Med.Sc | | | |

၁၀။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ်အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၁၁။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ၊ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၂။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်းစည်းကမ်းများကိုလိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာမည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ကတိခံဝန်ချုပ် ချုပ်ဆိုရမည်။

၁၃။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့် မရှိပါ။

၁၄။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၅။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-မန္တလေး၏ Website. www.ummdy.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အောက်ပါဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ပါမောက္ခချုပ် | - ၀၂-၄၀၃၆၆၃၉ |
| ဌာနမှူး(စီမံ/ဘဏ္ဍာ) | - ၀၂-၄၀၃၆၆၃၇၊ ၀၂-၄၀၃၉၀၅၀ |

ပါမောက္ခဒေါက်တာမျိုးသက်တင်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်-မန္တလေး

စာအမှတ်- ၁၉၄၁/ဆတမ(သ)ဘွဲ့လွန်(ဝင်ခွင့်)
ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ( ၁ )ရက်။